ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

စာအမှတ်၊ ၁၃၆ / စု-၃၅ / ၂၀၂၀ (လထန)

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၃ ရက်

**ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ (၁၈၇၂ ခုနှစ်) အရ ထိမ်းမြားပေးနိုင်ခွင့် လိုင်စင် လျှောက်ထားခြင်းနှင့် ထိမ်းမြားခြင်းဆောင်ရွက်ရာတွင် လိုက်နာရန် ကြေညာချက်**

၁။ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ (၁၈၇၂ ခုနှစ်) အရ ခရစ်ယာန်ဘာသာဝင်များ၏ ဝိနည်းနှင့်အညီ ထိမ်းမြားခြင်းများအတွက် ထိမ်းမြားပေးနိုင်ခွင့်လိုင်စင်လျှောက်ထားခြင်းများကို ၁၃-၈-၁၉၇၆ ရက်စွဲပါ ယခင် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၊ ဝန်ကြီးချုပ်ရုံး၏ စာအမှတ် ၁၂ / ၅၁၂-စ/၀ခရ အရ ပြည်သူ့တရားသူကြီးအဖွဲ့၏ သဘောတူညီချက်ဖြင့် ဗဟိုတရားရုံးမှ ထုတ်ပေး ခဲ့ပြီး ယခုအခါ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ အစည်းအဝေးဆုံးဖြတ် ချက်အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ထုတ်ပေးပါသည်။

၂။ အဆိုပါ ဥပဒေ ပုဒ်မ ၆ နှင့် ပုဒ်မ ၉ အရ ၁၉၇၈ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း လိုင်စင် ထုတ်ပေးထားသူ ၅၇ ဦးတွင် ၂၀ ဦးသာ ဆက်လက်ဆောင်ရွက်နေကြောင်း စိစစ် တွေ့ရှိရပါသည်။ ( လိုင်စင်ထုတ်ပေးထားသူများစာရင်းကို ပြည်ထောင်စုတရားလွှတ်တော် ချုပ်၏ ဝက်ဘ်ဆိုက်ဒ် www.unionsupremecourt.gov.mm တွင် ကြည့်ရှုနိုင်ပါသည်။) ထို့ပြင် နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ပေးပို့လာသည့် ခရစ်ယာန်ထိမ်းမြားခြင်း အထောက်အထားလက်မှတ်များအရ ထိမ်းမြားပေးသူများသည် ထိမ်းမြားပေးနိုင်ခွင့် လိုင်စင်ရှိ မရှိနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် မှတ်ပုံတင်ရေးသွင်းထားခြင်း ရှိ မရှိ စိစစ်ပေးခဲ့ရပါသည်။ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေအရ ထိမ်းမြားခြင်းကို ထိမ်းမြားပေးနိုင်ခွင့်လိုင်စင်ရှိသူက ဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ ထိမ်းမြားခြင်း၊ မှတ်ပုံတင်ခြင်း၊ ထိမ်းမြားခြင်းအထောက်အထားလက်မှတ်ထုတ်ပေးခြင်း၊ အဆိုပါ

အထောက်အထားလက်မှတ်ကို ထိမ်းမြားခြင်းမှတ်ပုံတင်အရာရှိချုပ်ထံ ပေးပို့ခြင်းတို့ ဆောင်ရွက်ရန် လိုအပ်ပါသည်။

၃။ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ပုဒ်မ ၆ သို့မဟုတ် ပုဒ်မ ၉ အရ ထိမ်းမြားပေးနိုင်ခွင့်လိုင်စင်လျှောက်ထားခြင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက လက်ခံစိစစ်စုံစမ်းပြီး တွေ့ရှိချက်နှင့်အတူ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ ထိမ်းမြားခြင်းမှတ်ပုံတင်အရာရှိချုပ်ဖြစ်သည့် ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးထံ ပေးပို့ရန် ဖြစ်ပါသည်။

၄။ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စိစစ်ချက်တွင် အောက်ပါအချက်များ ပါဝင်ရပါမည်-

(က) အမည်၊

(ခ) မွေးနေ့၊

(ဂ) လူမျိုး၊

(ဃ) ကိုးကွယ်သည့်ဘာသာ၊

(င) အလုပ်အကိုင်၊

(စ) အဘအမည်၊ နေရပ်၊ အလုပ်အကိုင်၊

(ဆ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(သို့မဟုတ်) နိုင်ငံခြားသားစိစစ်ရေးကတ်အမှတ်၊

(ဇ) ခရစ်ယာန်ဓမ္မဆရာဖြစ်လျှင် ထမ်းဆောင်လျက်ရှိသော တာဝန်၊ (ဥပမာ - သင်းအုပ်ဆရာတော်)

(ဈ) လျှောက်ထားသည့် ထိမ်းမြားပေးနိုင်ခွင့်လိုင်စင်အမျိုးအစား၊ (ဥပမာ ပုဒ်မ ၆ သို့မဟုတ် ပုဒ်မ ၉ အရ လိုင်စင်)

(ည) သက်ဆိုင်ရာ ခရစ်ယာန်ဘာသာအသင်း၏ထောက်ခံချက်၊

(ဋ) ထိမ်းမြားပေးနိုင်ခွင့်လိုင်စင်ထုတ်ပေးရန် သင့် မသင့်။ (တိုင်းဒေသကြီး၊ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ တွေ့ရှိချက်)

၅။ အထက်ဖော်ပြပါ လျှောက်လွှာတွင်ပါဝင်သော အချက်အလက်များနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို စိစစ်ရန် ဖြစ်ပါသည် -

(က) လျှောက်ထားသူ၏အမည် မှန် မမှန်၊

(ခ) လျှောက်ထားသူသည် လျှောက်လွှာတွင် ဖော်ပြထားသည့် အရပ်ဒေသ၌ နေထိုင်သူ ဟုတ် မဟုတ်၊

(ဂ) လျှောက်ထားသူသည် မည်သည့်နိုင်ငံသားဖြစ်ကြောင်း၊

(ဃ) လျှောက်ထားသူသည် ခရစ်ယာန်ဓမ္မဆရာဖြစ်ပြီး လက်တင် (Ordian) ပြုလုပ် ပြီး မပြီး၊

(င) လျှောက်ထားသူသည် အကျင့်စာရိတ္တကောင်းမွန်၍ နိုင်ငံတော်အပေါ် သစ္စာရှိ မရှိ။

၆။ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေပုဒ်မ ၆ သို့မဟုတ် ပုဒ်မ ၉ အရ ထိမ်းမြားပေးနိုင်ခွင့် လိုင်စင်ရရှိသူသည် ထိမ်းမြားပေးခြင်းဆောင်ရွက်ရာတွင် ဥပဒေ ပြဋ္ဌာန်းချက်နှင့်အညီ အောက်ပါစည်းကမ်းချက်များကို လိုက်နာရပါမည်-

(က) ဥပဒေအရ သတ်မှတ်ထားသည့် ပုံစံများကို အသုံးပြုရန်၊

(ခ) ထိမ်းမြားခြင်းအထောက်အထားလက်မှတ် (Certificate of Marriage) များကို ရာထူးအလျောက် ထိမ်းမြားမှု မှတ်ပုံတင်အရာရှိချုပ်ဖြစ်သည့် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ ယင်းဥပဒေပုဒ်မ ၃၄ သို့မဟုတ် ပုဒ်မ ၆၂ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ပြီး တစ်လအတွင်း ပေးပို့ရန်၊

(ဂ) နေထိုင်သည့် လိပ်စာပြောင်းလျှင်သော်လည်းကောင်း၊ ယခုလုပ်ငန်းကို လုပ်ကိုင်ခြင်း မရှိတော့လျှင်သော်လည်းကောင်း လိုင်စင်ထုတ်ပေးသည့် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အကြောင်းကြားရန်၊

(ဃ) ထိမ်းမြားခြင်းအထောက်အထားလက်မှတ် (Certificate of Marriage) တွင် ဤရုံးမှ ခွင့်ပြုသည့်ရက်စွဲနှင့် အမိန့်ကြော်ငြာစာအမှတ် ထည့်သွင်း ဖော်ပြရန်။

၇။ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေအရ ထိမ်းမြားမှုကို ဝိနည်းနှင့်အညီ ဆောင်ရွက်ရန်နှင့် ထိမ်းမြားခြင်းကို အကျိုးသက်ရောက်စေရန်အတွက် ထိမ်းမြားပေးနိုင်ခွင့်

လိုင်စင်လျှောက်ထားခြင်း၊ ထိမ်းမြားခြင်းတို့ကို ဖော်ပြပါ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် အသိပေးကြေညာပါသည်။

အမိန့်အရ

(တင်နွယ်စိုး)

ညွှန်ကြားရေးမှူးချုပ်

**ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေအရ ထိမ်းမြားပေးနိုင်ခွင့်လိုင်စင်ရရှိထားသူများ ထိမ်းမြားခြင်းဆောင်ရွက်ရာတွင် လိုက်နာရမည့်အချက်များ**

ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေပုဒ်မ ၆ သို့မဟုတ် ပုဒ်မ ၉ အရ ထိမ်းမြားပေးနိုင်ခွင့်လိုင်စင်ရရှိသူသည် ထိမ်းမြားပေးခြင်းဆောင်ရွက်ရာတွင် ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ အောက်ပါအချက်များကို လိုက်နာရပါမည်–

(က) ဥပဒေအရ သတ်မှတ်ထားသည့်ပုံစံများကို အသုံးပြုရန်၊

(ခ) ထိမ်းမြားခြင်းအထောက်အထားလက်မှတ် (Certificate of Marriage) များကို ရာထူးအလျောက်ထိမ်းမြားမှု မှတ်ပုံတင်အရာရှိချုပ်ဖြစ်သည့် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ ယင်းဥပဒေပုဒ်မ ၃၄ သို့မဟုတ် ပုဒ်မ ၆၂ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ပြီး တစ်လအတွင်းပေးပို့ရန်၊

(ဂ) နေထိုင်သည့်လိပ်စာပြောင်းလျှင်သော်လည်းကောင်း၊ ယခုလုပ်ငန်းကို လုပ်ကိုင်ခြင်းမရှိတော့လျှင်သော်လည်းကောင်း လိုင်စင်ထုတ်ပေးသည့် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ တစ်လအတွင်း အကြောင်းကြားရန်၊

(ဃ) ထိမ်းမြားခြင်းအထောက်အထားလက်မှတ် (Certificate of Marriage) တွင် ဤရုံးမှခွင့်ပြုသည့် ရက်စွဲနှင့် အမိန့်ကြော်ငြာစာအမှတ် ထည့်သွင်းဖော်ပြရန်၊

(င) မြန်မာဗုဒ္ဓဘာသာဝင်အမျိုးသမီးတစ်ဦးသည် ဗုဒ္ဓဘာသာဝင်မဟုတ်သည့် အမျိုးသားနှင့် ထိမ်းမြားလက်ထပ်မည်ဆိုပါက မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေတွင် ပြဋ္ဌာန်းထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဥပဒေအရခန့်ထားသည့် ထိမ်းမြားမှုမှတ်ပုံတင်အရာရှိများကသာ ထိမ်းမြားလက်ထပ်ပေးခွင့်ရှိသည်ကို ဂရုပြုရန်၊

(စ) ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေပုဒ်မ ၉ အရ လိုင်စင်ရရှိထားသူများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံရင်းသားခရစ်ယာန်ဘာသာဝင်တို့အား ထိမ်းမြားလက်ထပ်ခြင်းနှင့်သာ သက်ဆိုင်ကြောင်း ဂရုပြုရန်။

ထိမ်းမြားမှုမှတ်ပုံတင်အရာရှိချုပ်